# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်နယ်အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်

( ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေးမှာ အားလုံးစုံစုံညီညီ ကျန်းကျန်းမာမာ ရွှင်လန်းစွာနဲ့ ပြန်လည်တွေ့ရတဲ့အတွက် ဝမ်းမြောက်ကြောင်း ပထမဦးဆုံး ပြောကြားလိုပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၁၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၅.၉၆)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၉ နဲ့ နည်းဥပဒေ ၂၀(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က) နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဗိုလ်မှူးချုပ် ကျော်ဦးလွင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဗိုလ်မှူးချုပ် ကျော်ဦးလွင် (တပ်မတော်သား ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ပန္နက်တမ်းဝင်အမှတ် ကညြီး ၁၃၇၆၅ ဗိုလ်မှူးချုပ် ကျော်ဦးလွင် ဖြစ်ပါတယ်။ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်တဲ့ ကညြီး ၂၆၉၈၆ ဗိုလ်မှူး မငြိမ်းစိုး၊ ကညြီး ၂၈၂၈၈ ဗိုလ်မှူး မင်းရဲထွေး၊ ကညြီး၂၈၂၉၈ ဗိုလ်မှူး ဇော်မင်းဦး၊ ကညြီး ၂၉၆၁၅ ဗိုလ်မှူး အောင်ကျော်ဇော တို့ ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ အဆိုပါ ကိုယ်စားလှယ်(၄)ဦးဟာ အင်ဂျင်နီယာ တပ်ခွဲမှူးသင်တန်းကို ၁၁-၆-၂၀၁၂ ရက်နေ့ ကနေ ၂၇-၇-၂၀၁၂ ရက်နေ့ထိ သင်တန်းတက်ရောက်နေတဲ့အတွက် သင်တန်းပြီးဆုံးသည် အထိ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တက်ရောက်မှုအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးမငြိမ်း၊ မကွေး(၆) တင်ပြဖို့ ဖိတ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစိုးမငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမငြိမ်း ဖြစ်ပါတယ်။ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ ဟာ အရေးကြီး ကျန်းမာရေးအခြေအနေကြောင့် ပြည်ပသို့ ရောက်ရှိနေပါသဖြင့် ၄-၇-၂၀၁၂ မှ ၇-၇-၂၀၁၂ ရက်နေ့ထိ အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပေးပါရန် ဦးဇော်မြင့်ဖေ ကိုယ်စားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈) တင်ပြဖို့ ဖိတ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဟာ ဝမ်းလျှောရောဂါ ခံစားနေရ ပါသဖြင့် ၄-၇-၂၀၁၂ ယနေ့(၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးအောင်ချစ်လွင်

ကိုယ်စား ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် က ခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးမနားနိုင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဟာ ကျန်းမာရေးမကောင်းတဲ့အတွက် ဆေးကုသခံနေရပါသဖြင့် ၄-၇-၂၀၁၂ မှ ၆-၇-၂၀၁၂ ရက်နေ့အထိ ခွင့်(၃)ရက်ပေးနိုင်ပါရန် ဦးဟာရှိန်းဘွေ ကိုယ်စား လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမန်းအောင်တင်မငြိမ်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းအောင်တင်မငြိမ်း ဖြစ်ပါ တယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းမျိုးတင့်လွင် ရဲ့ ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးမင်းမျိုးတင့်လွင် ဟာ မန္တလေးမြို့မှာလုပ်ငန်း နိုင်ငံရေး သမားများ ဂျပန်လေ့လာရေးခရီးစဥ်ကို လိုက်ပါသွားရပါသဖြင့် ၄-၇-၂၀၁၂ နေ့မှ ၁၁-၇-၂၀၁၂ ရက်နေ့ထိ ခွင့်(၈)ရက် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဝင်းမငြိမ်းအောင်၊ စစ်ကိုင်း(၄) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဝင်းမငြိမ်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းတင့် ဟာ ညှပ်ရိုးကျိုးနေပါသဖြင့် ၄-၇-၂၀၁၂ ရက်နေ့မှ ၆-၇-၂၀၁၂ ရက်နေ့အထိ (၃)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးဝင်းတင့် ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမငြိမ်းအောင် မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (သဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ သရမ်ကျေးရွာအုပ်စုတွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းကို ကျောင်းဆရာ/ဆရာမများနှင့်တကွ ခန့်အပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်းက ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ သရမ်ကျေးရွာအုပ်စုတွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းကို ကျောင်းဆရာ၊ ဆရာမများနှင့်တကွ ခန့်အပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး လေးစားကြောင်း ပဏာမပြောကြားလိုပါတယ်။ ယခုလို ပထမအကြိမ်၊ အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၉)မှ ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ သရြမ့်ကျေးရွာအုပ်စုမှာ (အ.မ.က)ကျောင်း ဆောက်လုပ်ပေးရန် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်မှာ စိုင်တင်ဒေသက တောတောင် ထူထပ်တဲ့ဒေသ ဖြစ်ပါတယ်။ အဲဒီဒေသမှာ သရြမ့်အုပ်စု၊ ဇရာသျှအုပ်စု၊ ခမောင်းအုပ်စု၊ လောင်းယုံအုပ်စုဆိုတဲ့ အုပ်စုကြီး(၄)ခု ရှိပါတယ်။ အဲဒီရှိတဲ့အထဲမှာ အုပ်စု တစ်စုနဲ့တစ်စု သွားရေးလာရေးဟာ အင်မတန်ခက်ခဲတဲ့ နေရာဖြစ်ပါတယ်။ ကျေးရွာတစ်ရွာနဲ့ တစ်ရွာလည်း သွားလာရေးအတွက် အင်မတန်ခက်ခဲတဲ့ နေရာဖြစ်ပါတယ်။ အဲဒီအုပ်စု (၄)အုပ်စုထဲမှာ နေထိုင် ကတ္တြီလူမျိုးကတော့ ခမီးအမျိုးသားနဲ့ မြိုအမျိုးသားများ အများဆုံးနေထိုင်ပြီးတော့ ရခိုင် အမျိုးသားများကတော့ မပေပြသလောက် ဖြစ်ပါတယ်။ အဲဒီ ကျေးရွာအုပ်စု(၄)အုပ်စုအနက်မှ သရြမ့်ကျေးရွာအုပ်စုမှာ ယခုအချိန်ထိ (အ.မ.က)ကျောင်းမရှိသေးကြောင်း တင်ပြသိရှိရပါတယ်။

သရြမ့်ကျေးရွာအုပ်စုရဲ့ စီးပွားရေးအခြေအနေကို တင်ပြရမယ်ဆိုရင် သရြမ့်ကျေးရွာ အုပ်စုမှာ တောင်ယာလုပ်ကိုင် စားသောက်သူများ ဖြစ်ပါတယ်။ အဲဒီ တောင်ယာကို တစ်နှစ် အတွက်သာ လုံလောက်အောင် စိုက်ပျိုးကပါတယ်။ ကကြ်၊ ဝက် မွေးမြူရေးမှာလည်း တစ်ရွာမှာ အိမ် သုံး၊ လေး အိမ်ပဲ မွေးမြူပြီး တစ်ပိုင်တစ်နိုင်သာ မွေးမြူကပါတယ်။ အိမ်တွေဟာလည်း ဝါးရွက်မိုး၊ ဝါးကာ၊ ဝါးခင်း၊ ဝါးတိုင်နဲ့ တည်ဆောက်ပြီးတော့ နေထိုင်ကတ္တြီအတွက် အင်မတန် ဆင်းရဲကပါတယ်။ ထို့အပငြ် ကျေးရွာမှာရှိတဲ့ ကျေးရွာအုပ်စု(၆)အုပ်စုရဲ့ ကလေးသူငယ်များဟာ (၃၀၀)ခန့် ရှိပါတယ်။ အဲဒီ (၃၀၀)ခန့်မှာ စာသင်ဖို့အတွက် (အ.မ.က)ကျောင်း မရှိတဲ့အတွက် အခက်အခဲ ရှိနေခဲ့ကပါတယ်။ အဲဒါကြောင့် အဲဒီ သရြမ့်ကျေးရွာအုပ်စုမှာရှိတဲ့ လူကြီးတွေက ၂၀၀၈ ခုနှစ်မှာ မြို့နယ်ပညာရေးမှူးကို တင်ပြတောင်းခံတဲ့အတွက် မြို့နယ်ပညာရေးမှူးမှ စံညွှင်းဝေကျေးရွာအုပ်စု၊ ခမွေချောင်းကျေးရွာ (အ.မ.က)ရဲ့ တွဲဖက်ကျောင်းအဖြစ် ပညာ သင်ခွင့် ပြုခဲ့ပါတယ်။ တွဲဖက်ကျောင်းအဖြစ် ပညာသင်ခွင့် ပြုခဲ့တဲ့အတွက် သရြမ့်ကျေးရွာ အုပ်စုအတွင်းမှာ လမ်းပန်းဆက်သွယ်ရေး အကောင်းမွန်ဆုံးဖြစ်တဲ့ လက်ပံကျေးရွာအုပ်စုမှာ သူတို့ရဲ့ ချွေးနည်းစာနဲ့ ရရှိတဲ့ငွေများနဲ့ သွပ်မိုး၊ ဝါးတစ်ပိုင်းကာ ကျောင်းဆောင်ကို ဆောက်လုပ်ပြီး အပငြ်မှ ဒေသခံဆရာများကို ငှားရမ်းပြီးတော့ ကလေးငယ်များကို

ပညာသင်ကြားနေရပါတယ်။ သို့အတွက် ဆရာ ငှားရမ်းသည့်အတွက် ပညာသင်တဲ့ သားသမီးများရဲ့ မိဘများမှာ အခကြေးငွေ ပေးဆောင် ရပါတယ်။ ဒါကြောင့် ကလေးသူငယ်ဦးရေ(၃၀၀)ရှိတဲ့အနက် (၅၀)ဦးသာ မူလတန်း ပညာကို သင်ကြားနိုင်ပြီး ကျန်တဲ့ ကလေးသူငယ်များဟာ မိဘဆင်းရဲတဲ့အတွက် ပညာ မသင် ရဘဲ နေကရပါတယ်။ ဒါကြောင့် အဲဒီ သရမြကျေးရွာအုပ်စုမှာ နိုင်ငံတော်အစိုးရက (အ.မ.က) (၁)ကျောင်းနှင့် ဆရာ/ဆရာမများ ခန့်အပ်ပြီး တစ်နည်းအားဖြင့်ဆိုရင် Sanction နှင့်တကွ ခွင့်ပြုဆောင်ရွက်ရန် အလွန်သင့်လျော်တဲ့ ကျေးရွာအုပ်စု ဖြစ်ပါတယ်။ ထို့အပြင် တွဲဖက် (အ.မ.က)ကျောင်း တစ်ကျောင်း ဖြစ်တဲ့အတွက် ကျေးရွာသူ/ကျေးရွာသားများဟာ နေ့စဉ်နဲ့အမျှ ပညာရေးမှုုးရုံးကို သွားပြီးတော့ စုံစမ်းရတယ်၊ လျှောက်လွှာတင်ရတယ်။ ဒီလိုတင်ပြရတဲ့ အတွက်၊ မရေရာမသေချာ ဖြစ်နေတဲ့အတွက် ကျေးရွာလူထုကလည်း စိတ်ကြောင့်ကျ စိုးရိမ်နေ ရပါတယ်။

ဒါကြောင့် ကျွန်တော် မေးမြန်းလိုတာကတော့ အဲဒီ သရမြကျေးရွာအုပ်စုမှာ နိုင်ငံတော်အစိုးရမှ (အ.မ.က)ကျောင်းတစ်ကျောင်း၊ ဆရာ/ဆရာမများနှင့်တကွ တစ်နည်းအားဖြင့် Sanction နှင့်တကွ ချပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မင်္ဂြဂါကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် ပေါက်တောမြို့နယ်၊ ကျောက်တောင် ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မင်္ဂြဂါကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ရန်အစီအစဉ် ရှိ/မရှိနှင့် ပေါက်တောမြို့နယ်၊ ကျောက်တောင် ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မင်္ဂလာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် တိုးချဲ့ဆောင် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မင်္ဂလာကျေးရွာမှာ အခြေခံပညာအထက်တန်းကျောင်းခွဲ ရှိပါတယ်။ အဲဒီကျောင်းဟာ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီးတော့ စာသင်ခန်း(၈)ခန်းရှိပါတယ်။ အဲဒီကျောင်းဟာ ၂၀၁၁ ခုနှစ်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသား/ကျောင်းသူအရေအတွက်ဟာ (၅၈၁)ဦး ရှိပါတယ်။ ဖော်ပြပါ ကျောင်းသား(၅၈၁)ဦးကို စာသင်ခန်း (၈)ခန်းမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ပညာသင်ကြား၍ မရပါဘူး။ ဘာကြောင့်လဲဆိုရင် အဲဒီအခန်းများမှာ ဖော်ပြပါ ကျောင်းသူ/ကျောင်းသား အရေအတွက် မဆံ့တဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသူ/ကျောင်းသားများကို အသုတ်(၂)သုတ်ခွဲပြီးတော့ ပညာသင်ကြားပေးနေရပါတယ်။ မနက်ပိုင်းအသုတ်နဲ့ နေ့လယ်ပိုင်းအသုတ်ဆိုပြီးတော့ (၂)သုတ်ခွဲ ပညာသင်ကြားပေးနေရပါတယ်။ အသုတ်(၂)သုတ်ခွဲခြားပြီးတော့ ပညာသင်ကြားပေးနေရတဲ့အတွက် စာသင်ချိန်နည်းပါးတဲ့အတွက် ကျောင်းသူ/ကျောင်းသားများရဲ့ ပညာရေးကို ထိခိုက်စေပါတယ်။ ကျောင်းသူ/ကျောင်းသားများကို တစ်သုတ်တည်းနဲ့ အချိန်ပြည့် ပညာသင်ကြားပေးမယ် ဆိုလို့ရှိရင် အဲဒီကျောင်းသူ/ကျောင်းသားများရဲ့ ပညာအရည်အချင်းဟာ မြင့်တက်လာမှာ ဖြစ်ပါတယ်။ ဖော်ပြပါကျောင်းသူ/ကျောင်းသားများကို တစ်သုတ်တည်း အချိန်ပြည့် ပညာသင်ကြားပေးနိုင် ရန်အတွက်တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ပေးရန် လိုအပ်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မင်္ဂလာကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်းခွဲမှာ တိုးချဲ့ဆောင်ဆောက်လုပ်

ပေးခြင်း ပြုနိုင်/မပြုနိုင် သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ တကယ်လို့ တိုးချဲ့ ကျောင်းဆောင် ဆောက်လုပ်ပေးမည်ဆိုပါက ဘယ်အချိန်မှာ ဆောက်လုပ်ဖို့ ရည်မှန်းထားကြောင်း သိရှိလိုပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကျောက်တောင် ကျေးရွာအုပ်စု၊ ကျောက်တောင်ကျေးရွာမှာရှိတဲ့ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ ရခိုင် ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကျောက်တောင်ကျေးရွာအုပ်စုမှာ ကျောက်တောင်ကျေးရွာ အပါအဝင် ကျေးရွာစုစုပေါင်း (၁၀)ရွာရှိပါတယ်။ ကျောက်တောင်ကျေးရွာမှာ တိုက်နယ်ဆေးရုံ တစ်ခု၊ရဲစခန်းတစ်ခုနဲ့ အခြေခံပညာမူလတန်းကျောင်း တစ်ခုရှိပါတယ်။ ကျောက်တောင်ကျေးရွာ အုပ်စုမှာရှိတဲ့ ကျေးရွာ(၁၀)ရွာမှ ကျောင်းသူ/ကျောင်းသားများဟာ ကျောက်တောင်ကျေးရွာမှာ ရှိတဲ့ ဖော်ပြပါ အခြေခံပညာမူလတန်းကျောင်းမှာ ပညာသင်ကြားကြပါတယ်။ ကျောင်းသား/ ကျောင်းသူ အရေအတွက် (၃၀၀)ခန့်ရှိပါတယ်။ တိုက်နယ်ဆေးရုံနှင့်ရဲစခန်းရှိတဲ့ ကျေးရွာမှာ ဖွင့်လှစ်ထားတဲ့ အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းသူ/ကျောင်းသား အရေအတွက် (၂၀၀)ရှိလျှင် အဲဒီမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ပညာရေး ဝန်ကြီးဌာနက တိုးမြှင့်ဖွင့်လှစ်ပေးကြောင်း ကြားသိရပါတယ်။

ဒါကြောင့် ကျောက်တောင်ကျေးရွာမှာရှိတဲ့ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့် အခါမှာ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရှိလိုပါတယ်။ လေးစားအပ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးအေးကျူ (ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တက်ရောက်လာတဲ့ ဧည့်သည်တော်

ကိုးမျိုးအားလုံး ဦးစွာပထမ ရှိသေလေးစားပါကြောင်း တင်ပြအပ်တယ်ခင်ဗျား။ မေးခွန်းသုံးခု ပေါင်းကို ကျွန်တော် တစ်ပါတည်း ဆက်လက်တင်ပြပါမယ်။ ဝန်ကြီးကိုယ်စား တင်ပြခြင်း ဖြစ်ပါ တယ်။

ဘူးသီးတောင်မြို့နယ်၊ စိုင်းတင်ဒေသ၊ သရြမ့်ကျေးရွာအုပ်စု၊ လက်ပံကျေးရွာ တွဲဖက် အခြေခံပညာမူလတန်းကျောင်းမှာ ကျွန်တော်တို့ စိစစ်တဲ့အခါမှာ မူလတန်းကျောင်းသား (၅၉)ဦး ရှိကြောင်း တွေ့ရှိရပါတယ်။ အဲဒီတော့ မြို့နယ်မှူး၊ ပြည်နယ်မှတစ်ဆင့် သက်ဆိုင်ရာဦးစီးက တင်တာနဲ့ မူလတန်းကျောင်းခွဲအဆင့် ပထမအဆင့်နဲ့ပေးမယ်ဖြစ်ကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ လက်ရှိစာသင်နှစ်မှာ မီအောင်ပေးမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထူးခြားချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပတဲ့အထဲမှာ ပါပါတယ် ခင်ဗျား။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် ဒီအချိန်ဟာ သင်တန်းဆင်း ဆရာ/ဆရာမ အချိန် မဟုတ်တဲ့အတွက် ဆရာခန့်တဲ့အခါမှာ ခြွင်းချက်အားဖြင့် အထက်အကြီးအကဲများ ခွင့်လွှတ် ထားပါတယ်။ ခက်ခဲတဲ့နေရာဒေသမှာ သတ်မှတ်တဲ့ သင့်တင့်လျောက်ပတ်တဲ့ ပညာအရည်အချင်း ရှိတဲ့ ဒေသခံကို ဘွဲ့ရ၊ ဘွဲ့မရတာတောင် ဒီလိုနေရာမျိုးမှာ (၁၀)တန်းအောင်အထိ ခွင့်ပြုဖို့ လမ်းညွှန်ထားပါတယ်။ အဲဒါ ရှာပေးမယ်ဆိုရင် ကျွန်တော်တို့က အရပ်အခေါ် ဆွဲခန့်နဲ့ ခန့်ပါမယ်။ ပြီးရင် (မ.စ.ယ)လို့ခေါ်တဲ့ မူလတန်း စာပေးစာယူသင်တန်းကို နီးစပ်ရာ ပညာရေးကောလိပ်နဲ့ ဆက်သွယ်ပြီးတော့ ဆရာအတတ်သင်ကို သင်ပြီးတော့ အမြဲတမ်းခန့်အဖြစ် ခန့်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ကျောက်တောင်ကျေးရွာအုပ်စု၊ ပေါက်တော မြို့နယ် အခြေခံပညာမူလတန်းကျောင်းကို အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးဖို့ကိစ္စပါ။ ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စပြီးတော့ Parker အလယ်တန်းကျောင်းတော့ Sanction သဘောအရ မရှိသော်လည်း အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့် တိုးမြှင့် ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ လောလောဆယ် (၈)တန်းအထိ သင်ကြားလို့ရပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လောလောဆယ်မှာတော့ Parker အလယ်တန်းကျောင်းအထိ ဖွင့်လှစ်ရန် မရှိသော်လည်း အလယ်တန်းကျောင်းခွဲအဆင့်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ ကျွန်တော်တို့ မငြိမ်ဂါကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ ကျောင်းသားအရေအတွက်(၅၈၁)ဦး၊ စာသင်ခန်း (၈)ခန်းရှိတာလည်း ကျွန်တော်တို့စိစစ်တာမှန်ကန်ပါတယ်။ စာသင်ခန်းတစ်ခန်းမှာ (၇၀)လောက်ထည့်မှ One Shift တက်ရမှာပါ။ ဒါကြောင့်မို့လို့ ပဏ္ဍိစိစစ်တဲ့အခါမှာ ၁၈၀x၃၀ သွပ်မိုး၊ အုပ်ညှပ် တစ်ထပ်ဆောင်တစ်ဆောင် လိုအပ်တယ်ဆိုတာ စိစစ်တွေ့ရှိရပါတယ်ခင်ဗျား။ ဒီလိုအပ်တဲ့ အဆောင်ကို ဆောက်လုပ်ဖို့အတွက် လက်ရှိဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း စက်တင်ဘာ၊ အောက်တိုဘာ ဖြည့်စွက်ရန်ပုံငွေ ခွင့်ပြုမယ်ဆိုရင် ကျွန်တော်တို့ တင်ပြပါ့မယ်။ ဒါ ခွင့်မပြုဘူးဆိုရင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဦးစားပေး အစီအစဉ်မှာ ခွဲဝေပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မေးခွန်းများနဲ့ ဆက်နွယ်ပြီးတော့ပဲ ကျွန်တော်တို့ အထူးသဖြင့် အခြေခံပညာကဏ္ဍကိုပဲ ဇောင်းပေးပြီးတော့(၃)မိနစ်ခန့် ဆောင်ရွက်နေတဲ့ လုပ်ငန်းလေးတွေကို တင်ပြခွင့်ပြုပါခင်ဗျား။ ပထမဆုံးအဆင့်ကတော့ ပညာရေးဝန်ကြီး ဌာနမှာ ခေါင်းစဉ်(၃)ခုအောက်မှာ အားလုံးရှိပါတယ်ခင်ဗျား။ အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြ ပါ ခင်ဗျား။ အဆင့်မြင့်ရော၊ အခြေခံရောက ဒီ(၃)ခု ခေါင်းစဉ်အောက်မှာပဲ ကျွန်တော်တို့ အားလုံးဆောင်ရွက်ရတဲ့ သဘောရှိပါတယ်။ အခွင့်အလမ်းပွင့်ကတော့ တက္ကသိုလ်အဆင့်အထိ အခြေခံပညာမူလတန်း ပညာသင်ကြားရေးကအစ အကုန်လုံး အခွင့်အလမ်းပွင့်ပါ။ အခုတင်ပြကြတဲ့၊ တောင်းဆိုကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ ကျောင်း Sanction ကိစ္စ၊ ကျောင်းဖွင့်ခွင့်ကိစ္စအားလုံးဟာ ပညာသင်ကြားခွင့် အခွင့်အလမ်း လက်လှမ်းမီရေးအတွက် တင်ပြကြခြင်း ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ သက်ဆိုင်ရာ အထက်အကြီးအကဲများရဲ့ လမ်းညွှန်ချက်အရ ၂၀၁၂ -၂၀၁၃ လက်ရှိ ပညာသင်နှစ်ကနေပြီးတော့ ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်အထိ(၄)နှစ်တာ ကာလအတွက် ကျောင်းအသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ရန် လျာထားသည့် ကျောင်းအမျိုးအစား၊ အရေအတွက်၊ ခန့်ထားရမယ့် အရာထမ်း/အမှုထမ်း အရေအတွက်နဲ့ ကုန်ကျမယ့် လစာစရိတ် စာရင်းချုပ် ကျွန်တော်တို့ တွက်ချက်တင်ပြပြီးတော့

ပြီးခဲ့တဲ့ ၂၈ ရက်နေ့မှာပဲ နိုင်ငံတော်သမ္မတ က မူအားဖြင့် ခွင့်ပြုပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ စိစစ်တိုးပြီးရင် Cabinet တင်ပြီးတာနဲ့ ဒါသည် လက်ရှိပညာသင်နှစ်မှာပဲ စတင်အကောင်အထည် ဖော်သွားမှာဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

အဆင့်တိုးမယ့် ကျောင်းများနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုချုပ်အနေနဲ့ဆို ကျွန်တော်တို့ အထက်တန်းကျောင်း Parker (၃၁၄)ကျောင်း၊ အလယ်တန်းကျောင်း Parker (၃၈၁) ကျောင်း၊ မူလတန်းကျောင်း Sanction (၁၀၁၄)ကျောင်း၊ စုစုပေါင်း (၁၇၀၉)ကျောင်းကို အဆင့်တိုးဖို့ (၄)နှစ်တာကာလအတွက် လျာထားတင်ပြပြီးဖြစ်ပါတယ်။ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြတဲ့နေရာမှာ ကျောင်း Sanction ဆိုတာမှာ ကျောင်းသား (၅၉)ယောက် ရှိပါတယ်။ လောလောဆယ် ဒီနှစ်မှာတော့ မူလတန်း Sanction ကို ကျောင်းသားစုစုပေါင်း (၁၀၀)အထက် အားလုံးပေးဖို့ ပထမအဆင့်အနေနဲ့ လျာထားပါတယ်။ သို့သော်လည်းပဲ နည်းသော်လည်း ခက်ခဲတဲ့၊ ဝေးလံတဲ့ဒေသဖြစ်ရင်တော့ အထူးကိစ္စတစ်ရပ်နေဖြင့် ကျွန်တော်တို့ ခွင့်ချက်နဲ့ပေးဖို့အတွက် (၂၀)ရာခိုင်နှုန်း သီးခြားထပ်ဆောင်းထားပါကြောင်း တင်ပြအပ်ပါတယ်။

အလားတူ ထက်ခွဲ၊ လယ်ခွဲ၊ မူခွဲ၊ မူလွန် (၄)နှစ်တာကာလအတွက် စုစုပေါင်း တိုးမြှင့် ပေးမယ့်၊ အသစ်ဖွင့်မယ့် အရေအတွက်က (၄၂၉၅)ကျောင်း ဖြစ်ပါတယ်။ အားလုံးကုန်မယ့် လစာစရိတ် စုစုပေါင်းက(၁၆.၀၈၉)ဘီလီယံ ဒါ လစာစရိတ် တစ်ခုတည်းကိုပဲ ကျွန်တော်တို့ တွက်ချက်တင်ပြခွင့်ပြုချက်တောင်းခံထားခြင်း ဖြစ်ပါတယ်။ ဒီကျောင်းများ အဆင့်တိုးတဲ့အခါမှာ ကျောင်းသားအရေအတွက် အကျဉ်းအားဖြင့် ကျွန်တော်တို့တင်ပြရမယ်ဆိုရင် ဆရာနဲ့ကျောင်းသားနဲ့ လိုအပ်ချက်နဲ့ နိုင်ငံတော်က ကျောင်းသား(၅၀)ရှိတဲ့ ကျောင်းတစ်ကျောင်းကို အထက်တန်း Sanction ပေးမယ်ဆိုရင် စာသင်ခန်း(၂)ခန်း (၉)တန်း၊ (၁၀)တန်းရှိတဲ့အတွက်ဆရာက(၁၂)ယောက် ပေးရပါမယ်။ နိုင်ငံတော်က ဆရာအများကြီး နစ်နာပါတယ်။ အနည်းဆုံး ကျောင်းသား(၂၀၀) ရှိတယ်ဆိုရင် ဆရာအချိုးက အနည်းဆုံး(၇)ယောက်ဖြစ်တဲ့အတွက်၊ ဘာသာပြ(၇)ယောက်ဖြစ်တဲ့ အတွက် ကျောင်းသား(၂၀၀)အထက် အားလုံးသည် (၂၀၀)မှစပြီးတော့ အ.ထ.က ကျောင်း Parker သည် စစဉ်းစားသင့်မည် ဖြစ်ပါတယ်။ (၂၀၀)ထက်ကိုပဲ (၄)နှစ်ဖြစ်တဲ့အတွက် လက်ရှိ ကျွန်တော်တင်ပြထားတဲ့ အထက်အဆင့်ကျောင်း Parker သည် ဒီနေ့အခြေအနေ အထက်

အဆင့် ကျောင်းသား(၁၇၀)နဲ့အထက် ကျောင်းစုစုပေါင်း (၃၁၄)ကျောင်းကို တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီထဲက (၂၆၂)ကျောင်းကတော့ နာမည် List နဲ့ ဖြစ်ပြီးတော့ (၂၀)ရာခိုင်နှုန်း ဖြစ်တဲ့ (၅၂)ကျောင်းကတော့ နယ်စပ်ဒေသ၊ မစြိုကူးချောင်းကူး၊ သွားရေးလာရေးခက်ခဲ စသည် အားဖြင့် ပညာသင်ကြားမှုအခွင့်အလမ်း လက်လှမ်းမမီတဲ့ အဟောသိကံဖြစ်မယ့် နေရာမျိုးသည် သက်ဆိုင်ရာဒေသအာဏာပိုင်၊ လွှတ်တော်ကိုယ်စားတော်ကီးများ၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်ပညာရေးတာဝန်ခံများ စုပေါင်းပြီးတော့ ဒီအကျိုးအကြောင်းနဲ့ တင်ပြမယ်ဆိုရင်တော့ စုစုပေါင်းအထက်တန်း Parker သတ်မှတ်အရေအတွက် မပြည့်သော်လည်း (၅၂)ကျောင်း သီးခြားလျာထားပါတယ်။ အလားတူ အလယ်တန်း၊ မူလတန်း၊ မူလွန်ကျောင်းများကို စနစ် တစ်ခုနဲ့ အောက်ခြေရော အထက်ရော ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အထူးသဖြင့် မူလတန်းကျောင်းများနဲ့ ပတ်သက်ရင်တော့ ကျောင်းမြေရှိဖို့ လိုအပ် ပါတယ်။ ဖြစ်နိုင်ရင်တော့ ပညာရေးရဲ့ သတ်မှတ်ချက်ကတော့ (၅)ဧကပါ။ သို့သော် (၃)ဧက၊ (၂)ဧက ကျောင်းမြေသည် ကလေးများအတွက် စာသင်တာတင် မဟုတ်၊ ကစားကွင်း၊ ဆော့ ကစားကွင်း စသည်အားဖြင့် ရှိနေရမှာဖြစ်တဲ့အတွက် မြေနဲ့အဆောက်အဦ၊ ပရိဘောဂ ဒီ(၃)ခုနဲ့ ပတ်သက်လို့ ပြည်သူရဲ့ အကူအညီ ပံ့ပိုးမှုရမှသာ ဒီ(၄၂၉၅)ကျောင်းကို (၄)နှစ်နဲ့ပြီးမှာပါ။ ကူညီပံ့ပိုးမှု အပြည့်ရရင် ဒီ (၄၂၉၅)ကျောင်းသည် (၂)နှစ်နဲ့လည်း ကျွန်တော်တို့ Sanction ပြီးသွားနိုင်ပါတယ်။ မိဘနှင့် ပြည်သူလူထုနဲ့ နိုင်ငံတော်နဲ့ အပြန်အလှန် ပေါင်းစပ်ပြီးတော့ အောက်ခြေက ကျောင်းတစ်ခုချင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကို မိဘပြည်သူများနှင့် ပညာရေး စေတနာရှင်များက ပံ့ပိုးဖြည့်ဆည်းပြီးတော့ နိုင်ငံတော်ပိုင်းက ခန့်အပ်မယ့် Sanction၊ ဆရာ၊ ကျန်တဲ့ဖြည့်ဆည်းမှုနဲ့ နှစ်ဘက်လက်တွဲညီညီဆိုရင်တော့ (၄)နှစ်လို့ပြောသော်လည်း ဒီ (၄)နှစ် မဟုတ်ဘဲနဲ့ (၂)နှစ်အတွင်းမှာပဲ ကျွန်တော်တင်ပြခဲ့တဲ့ (၄၃၀၀)ကျောင်းနီးပါးသည် ကလေးများရဲ့ ပညာသင်ကြားခွင့် အခွင့်အလမ်းကို အားလုံးဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း သမ္မတကြီး ကလည်း အဲဒီဥစ္စာကိုတော့ အားလုံး လွှတ်တော်ရော၊ ပြည်သူရော အသိပေးပါဆိုပြီး လမ်းညွှန်တဲ့အတွက် ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

ဒီနေရာလေးမှာလည်း ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။ ပညာရေးက ထုထည်ကြီး တဲ့အတွက် လေးသောင်းကျော်ကျောင်း ဖြစ်ပါပြီ။ ကျောင်း Sanction သည် ကျွန်တော်တို့ ပညာသင်နှစ်က ဇွန် ၁ ရက်မှာ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်က စပါတယ်။ ဧပြီလ သင်္ကြန်အပြီး လောက်မှာ ကျောင်း Sanction ကျပြီးရင် တစ်ဖက်က ကျတဲ့ Sanction အပေါ် မူတည်ပြီးတော့၊ ကျောင်းသားပေါ် မူတည်ပြီးတော့ ဆရာ/ဆရာမ၊ ကျောင်းအုပ် ခန့်ရပါတယ်။ အဲဒါတွေခန့်ပြီး မေလဆန်းလောက်မှာ အားလုံးအမိန့်ထွက်မှ ဇွန် ၁ ရက် ပညာသင်နှစ်က တကယ့်လက်တွေ့ မြေပြင်မှာ ကလေးများအတွက် အကျိုးသက်ရောက်မှု၊ သင်ကြားမှု ထိရောက်ပါမယ်။ ဒီနှစ် ကတော့ ချွင်းချက်ထားပြီးတော့ လာမည့် နှစ်များမှာတော့ ကျွန်တော်တို့ ဧပြီလကုန်ဆိုရင်တော့ ကျောင်းအဆင့်တိုးခြင်းဟာ အားလုံး တစ်ပြည်လုံး လွှမ်းခြုံပြီးတော့ ပေးသင့်တဲ့ ကျောင်းအားလုံးကို ကျွန်တော်တို့ တစ်ပြိုင်တည်း အားလုံးနဲ့ စုပေါင်းတိုင်ပင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ပါမယ်။ တစ်နှစ်ကို တစ်ကြိမ်သာ ဆောင်ရွက်ရင် ပိုပြီးတော့ ကလေးများအတွက် သင်ကြားမှု၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ လိုက်လျောညီထွေ ဖြစ်ပြီးတော့ မျှတမှာဖြစ်ကြောင်း ဒါ ကျောင်းသင်ကြားမှု အခွင့်အလမ်း၊ ကျောင်းအသစ်ဖွင့်လှစ်ခြင်း၊ Sanction အသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ယနေ့ ဆောင်ရွက် နေတဲ့ အနေအထားတွေကို ကျွန်တော် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

ဒုတိယပိုင်း ကျွန်တော်တို့ ဆက်လက်တင်ပြပါမယ်။ အခွင့်အလမ်းပွင့် အရည်အသွေးမြင့် အပိုင်းမှာ အားလုံးအလွယ်ပဲ ပြောကြပါတယ်။ တစ်ကယ်လည်း မှန်ပါတယ်။ ကလေး(၈)သန်း ကျော်ရဲ့ အရည်အသွေးမြင့်ဖို့သည် ဆရာအရည်အသွေးမြင့်မှသာ ကလေးက အရည်အသွေး မြင့်မှာပါ။ အဲဒီတော့ ဆရာအရည်အသွေးမြင့်ဖို့ အပိုင်းသည် သက်ဆိုင်ရာ ကျွန်တော်တို့ လက်ရှိ ပညာရေးစနစ်ကတော့ ပညာရေးတက္ကသိုလ်(၂)ခု၊ ပညာရေးကောလိပ် (၂၀)ကနေပြီးတော့ ဒီလက်ရှိ ရှိနေတဲ့အနေအထား သင်ရိုးများနဲ့ အတတ်နိုင်ဆုံး ပညာရှင်များနဲ့ စုပေါင်းရေးဆွဲ ပြီးတော့ သင်ကြားနေပါတယ်။ ကျွန်တော့်အမြင်ကတော့ လက်ရှိ ဆရာ/ဆရာမ များသည် အရည်အသွေးမြင့်ဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။ သို့သော်လည်းပဲ ရှိတဲ့ အရည်အသွေးအတိုင်း သူ့ရဲ့စွမ်းရည်ရှိသလောက် လုပ်ချင်၊ ကိုင်ချင်စိတ်ဖြစ်အောင် ဖန်တီးပေးဖို့သည် ပထမ အရေးကြီးတယ်လို့ မြင်ပါတယ်။ ဒါကြောင့်မို့လို့ ဆရာ့ရဲ့သိက္ခာ၊ ဆရာ့ရဲ့သမာဓိ၊ ဆရာ့ရဲ့ လူမှုဘဝမြင့်တင်ရေးအတွက် ဒုတိယပိုင်း ကျွန်တော်တို့

ဆရာကိုအရည်အသွေး မြှင့်ဖို့အတွက် ဂုဏ်သိက္ခာ၊ သမာဓိပိုင်းဆိုင်ရာအပိုင်း ကျွန်တော်တို့ သမ္မတကြီးဆီ တင်ပြပြီပါတယ်။ ခွင့်ပြု ပါတယ်။ ပထမတစ်ချက်ကတော့ မူလတန်းကျောင်းအုပ် (၃၆၁၆၈)ကျောင်း ကနေ့ ရှိပါတယ် ခင်ဗျ။ သူ့ရဲ့လစာကတော့ ၅၃၀၀၀-၁၀၀၀-၅၈၀၀၀ ဖြစ်ပါတယ်။ အလယ်တန်းပြလစာနှင့် အတူတူပဲ ရှိပါတယ်။ မူလတန်းကျောင်းတစ်ကျောင်းဟာ တချို့ တစ်ထောင်၊ နှစ်ထောင် အုပ်ချုပ်ရပါတယ်။ သူ့ကျောင်းမှာပဲ မူလတန်းပြ(PJ)ဆိုတာ သီးခြားအလယ်တန်းသင်နိုင်တဲ့ ဆရာမလက်မှတ် အလယ်တန်းပြလစာ စားပါတယ်။ လစာချင်း တူပါတယ်။ အုပ်ချုပ်ရ ခက်ပါတယ်။ အဲဒီအတွက် မူလတန်း ကျောင်းအုပ် အားလုံးသည် တစ်ဆင့်မြင့်နဲ့ SAT လစာ ၅၉၀၀၀-၁၀၀၀-၆၄၀၀၀ စကေးနဲ့ ခွင့်ပြုဖို့အတွက် တင်ပြတာ ခွင့်ပြုပြီပါတယ်။ ဒီဥစ္စာတော့ တစ်နှစ်အတွက်ဆို ကျွန်တော်တို့ (၈၆၈)သန်းခန့် ကုန်မှာပါ။

အလားတူပဲ အခြေခံပညာရဲ့ သဘောသဘာဝအရ ဆရာ/ဆရာမသည် တပည့်မရှား တစ်ပြားမရှိ ပီတိကိုစား အားရှိပါ၏ ဆိုသော်လည်း ပုထုဇဥ်ဆိုတော့ ရေရှည်မှာ မတောင့်ခံ နိုင်ပါဘူး။ မူလတန်းပြနဲ့ဝင်တဲ့ ဆရာမ နဲ့ ဘွဲ့ရပြီးတော့ အခြားဌာနနဲ့ကျရင် ရာထူးဌာနတွေရ ကလည်း မူလတန်းပြကြာ အနှစ်(၂၀)ပါ။ နေဥစ္စာကလည်း ပို၍ပို၍ လုံးပါးပါးသွားတာပဲ ရှိပါ တယ်။ သူက ဘာလို့ မတိုးလဲဆိုရင် အခြေခံကျေးလက်မှာ ဆရာ/ဆရာမ ဖြည့်ဆည်းနိုင်ရေး အတွက် ရာထူးတိုး အားလုံးကို ကျေးလက်ကိုပဲ သွားမှ၊ ဆန္ဒပြုမှ ကျွန်တော်တို့ ပေးရပါတယ်။ မြို့ပေါ်ကနေ မသွားဘူးဆိုရင် အနှစ်(၂၀)ဖြစ်သော်လည်း လက်ရှိမှာ မပေးနိုင်တဲ့သဘောရှိ ပါတယ်။ ဒါကြောင့် မို့လို့ ဒီမပေးနိုင်တဲ့ အားလုံးစုစုပေါင်း မူလတန်းပြ(၉၄၀၀၀)နီးပါး ရှိပါတယ်။ အဲဒီ မူလတန်းပြ(၉၄၀၀၀)မှာ ထိုက်သင့်တဲ့ လုပ်သက်(၁၀)နှစ် ပတ်ဝန်းကျင်အထက် ရှိမယ် ဆိုရင် (၆၀၀၀၀)လောက်ကို အလယ်တန်းပြလစာ ပေးဖို့အတွက် အကျိုးအကြောင်း ရှင်းလင်း တင်ပြတဲ့ အခါမှာ ခွင့်ပြုပြီပါတယ်။ ဒါကတော့ တစ်နှစ်အတွက် (၁၄၄၀)သန်းခန့် ကုန်ကျမှာဖြစ်ပါ တယ်။ ဒါ မူလတန်းပြ နှင့် မူလတန်းကျောင်းအုပ် အပိုင်းလေးကို နှစ်ပိုင်းခွဲခြားပြီးတော့ ကျွန်တော်တို့ လက်ရှိပညာသင်နှစ်မှာ ဆောင်ရွက်သွားမယ့် အစီအစဥ်တွေကို လွှတ်တော် ကိုယ်စားလှယ်ကြီးများအား ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ် ခင်ဗျား။

နောက်တစ်ပိုင်းကတော့ အလယ်တန်းကျောင်းအုပ်ပါ။ လက်ရှိ ကျွန်တော်တို့ အလယ်တန်းကျောင်း(၂၂၃၁)ကျောင်း ရှိပါတယ်။ ဒီအလယ်တန်းကျောင်းအုပ် အားလုံးသည်

SAT လစာနဲ့ အတူတူပါပဲ။ ဒီနေ့ မေပြငြ်အခြေအနေမှာ SATလုပ်သက်(၂၀)၊ လုပ်သက်ရမှတ်(၆၀)မပြည့်ဘဲနဲ့ အလယ်တန်းကျောင်းအုပ်ဖစြ်ဖို့ရာ မလွယ်ပါဘူး။ ဖစြ်ရင်လည်း (၁)ရာခိုင်နှုန်းပဲ ရှိပါတယ်။ အားလုံးသည် လစာတူ၊ အလယ်တန်းကျောင်းအုပ် အောက်ထစ် သုံးနှစ်၊ အများဆုံးသည် ဆယ့်လေးငါးနှစ်လုပ်မှ Gazzette အထက်တန်းကျောင်းအုပ် ဖစြ်ပါတယ်။ ဒါလည်း အကျိုး အကြောင်း တင်ပတြဲ့အခါမှာ အလယ်တန်းကျောင်းအုပ်အားလုံးကို Gazzette အဖစြ် သတ်မှတ် ဖို့အတွက် ခွင့်ပြုလိုက်ပါပီြ၊ ဒါသည် အရာရှိလစာဖစြ်ပီးြတော့ အားလုံး(၂၂၃၁) ရှိပါတယ်။ အဲဒီတော့ ဒီဥစ္စာ အလယ်တန်းကျောင်းအုပ်သည် ပန်ြတမ်းဝင်အရာရှိ ဝင်ပေါက် ဖစြ်တဲ့အတွက် လက်ရှိ ရာထူးဝန် ဥက္ကဋ္ဌ မှတစ်ဆင့် ကျွန်တော်တို့ ဒါ ရာထူးတိုး ဆက်လက်စီစဥ် ဆောင်ရွက် သွားမည်ဖစြ်ပါကြောင်း တင်ပအြပ်ပါတယ်။

အလားတူပဲ ကျွန်တော် ပြည်နယ်/တိုင်းဒေသကီး(၁၄)ခု ရှိပါတယ်ခင်ဗျ။ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်၊ မန္တလေးလို တိုင်းကီးြများရဲ့ ပြည်နယ်/တိုင်း ပညာရေးမှူးများသည် ရာထူး Rank အားဖငြ့် ဒု-ညွှန်မှူးအဆင့်နှင့် တန်းတူရပါတယ်။ တိုင်းအသေးဆို လမ်းစဥ်ပါတီခေတ် ကနေ ပပြောင်းလဲတဲ့အတွက် တိုင်းအသေးတွေဖစြ်တဲ့ ကယား၊ ကရင်၊ တန်သာရီက တိုင်းအသေး သတ်မှတ်ပီးြတော့ တိုင်းပညာရေးမှူးလို့ ရာထူးကခေါ်သော်လည်း A.D လက်ထောက် ညွှန်ကြားရေးမှူး လစာသာ ရပါတယ်။ ဒါအတွက် အားလုံးအခြေအနေ အကြောင်းအကျိုး တင်ပတြဲ့အခါမှာ ပြည်နယ်/တိုင်းပညာရေးမှူး အားလုံးရဲ့ ညွှန်ကြားရေးမှူးအားလုံးကို ကျွန်တော်တို့ ညွှန်ကြားရေးမှူး Rank နဲ့ ပေးပါတယ်။ ပြည်နယ်/တိုင်းအဆင့် ရုံးများဟာ အထက်တန်းကျောင်းများကို ကွပ်ကဲအုပ်ချုပ်တာဝန်ယူရတဲ့အတွက် အထက်တန်းကျောင်း စုစုပေါင်းရှိတဲ့ အရေအတွက်၊ အထက်တန်းကျောင်းသား အရေအတွက်အပေါ် Ratio နဲ့ ပြည်နယ်/တိုင်းဒေသကီးြရဲ့ရုံးကို အဆင့်ငါးဆင့်ခွဲပီးြတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံ ရေးဆွဲတင်ပြ ပါတယ်။ ခွင့်ပြုပါတယ်ခင်ဗျ။ အလားတူ ကျွန်တော်တို့ ခရိုင်ရုံးဟာ ပညာရေး မရှိတော့ပါဘူး။ ကျန်တဲ့ ဦးစီးဌာန၊ ဝန်ကီးြဌာနအချို့က ခရိုင်ရုံးများ ဖွဲ့စည်းနိုင်ပါတယ်။ ဒါလည်း ခေတ် အဆက်ဆက်၊ ဝန်ကီးြအဆက်ဆက် တင်ပခြဲ့သော်လည်း မရခဲ့သော်လည်း ကနေ့ကတော့ ခရိုင် ပညာရေးမှူးရုံး (၆၈)ခရိုင်မှာ ပညာရေးရဲ့သဘောသဘာဝ လိုမှု၊ အကြောင်းရှိမှု ဖစြ်တဲ့အတွက် တစ်မိုနြ့ယ်၊ တစ်ခရိုင်တွေမှာ ကျွန်တော်တို့ မဖွဲ့စည်းဘဲနဲ့ တကယ် လိုအပ်တဲ့နေရာ (၆၈)အစား (၅၂)ခရိုင်မှာ ဖွဲ့စည်းပါတယ်။ ခရိုင်အဆင့်ကတော့ အားလုံး အဆင့်(၄)ဆင့်ရှိပါတယ်။ ဒါ

သူကတော့ အလယ်တန်းကျောင်းနဲ့ ပတ်သက်ပြီးတော့ တာဝန်ယူရတဲ့အပိုင်းရှိတဲ့အတွက် ဒါလည်းဖွဲ့စည်းပုံ ခွင့်ပြုပြုပါတယ်ခင်ဗျာ။ အလားတူ မြို့နယ်ပညာရေးမှူးရုံး (၃၃၀)ဖြစ်သော်လည်း ကျွန်တော်တို့ ကိုးကိုးကျွန်းတို့ ဘာတို့ သီးခြားမလုပ်ဘဲနဲ့ (၃၂၈)ရုံး A.D နဲ့ ခွင့်ပြုပြုပါတယ်။ **စုစုပေါင်းဆိုရင် ကျွန်တော်တို့ အခြေခံပညာ တစ်ခုတည်းအတွက် ဒီ(၄)နှစ်အတွင်း အားလုံး ပြည့်အောင်လို့ ကျွန်တော်တို့ ဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြပြီးဖြစ်ပါတယ်။ ဒီဥစ္စာအားလုံးက နိုင်ငံတော်ရဲ့ ဘတ်ဂျက် ခွင့်ပြုနိုင်တဲ့အပေါ် မူတည်ပြီးတော့ (၂)နှစ်နဲ့လည်း ဖြစ်ကောင်းဖြစ်နိုင် ပါတယ်။ (၄)နှစ်ကတော့ မဖြစ်မနေ ဒီအတိုင်းသည် အားလုံးအပြည့်အစုံ ဖြည့်ဆည်းမှာ ဖြစ်ပြီးတော့ စုစုပေါင်းကုန်ကျတဲ့ ငွေဟာ (၂၇.၃)ဘီလီယံ ဖြစ်ပါတယ်။**

**နောက်ဆုံးတစ်ခုကတော့ ကျွန်တော်တို့ စာစစ်အဖွဲ့ပါ။ အားလုံး လူ(၅၀)လောက်နဲ့ လုပ်နေရတာ ကပြုပါပြီ။ (၇၀၀၀၀)၊ (၈၀၀၀၀)လောက် (၁၀)တန်းစာမေးပွဲ ဖြေတဲ့ အင်အားထက် ကနေ (၆၀၀၀၀၀)နီးပါးဖြေတဲ့အထိ နေ့စား(၁၀၀)အထက်ကို ခေါ်ပြီးလုပ်ရတဲ့အတွက် ပြဿနာ မပေါ်သော်လည်း၊ ပြဿနာတစ်ခုပေါ်လျှင် မည်သူ့တာဝန်ရှိသလဲဆိုရင် ရာထူးအဆင့် မရှိတဲ့ အတွက် ဒီဥစ္စာကို စာရင်းစစ်ကန့်ကွက်ချက် နှစ်တိုင်း ကျွန်တော်တို့ ဖြေရှင်းရပါတယ်။ အဲဒီ အတွက် အကျိုးအကြောင်း တင်ပြတဲ့အခါမှာ ယခု အားလုံးအရာရှိ(၂၂)ယောက်၊ အခြားအဆင့် (၂၃၀)၊ စုစုပေါင်း(၂၅၂)ယောက်နဲ့ ဖွဲ့စည်းခွင့် ပြုပြုပါပြီ။ ဒါ စီစစ်တိုးကို တင်ပြခြဲဖြစ်ပါတယ်။**

**အလားတူပဲ ကျွန်တော်တို့ ဒီလွှတ်တော်မှာပဲ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအချို့ အထူးသဖြင့် ကျွန်တော် မဖြီကြီးနှားဘက်လို့ မှတ်မိပါတယ်။ အောက်ခြေဝန်ထမ်း တစ်မြို့နယ် လုံးမှာ (၂၀)လျော့၊ (၃၀)လျော့ ကျွန်တော်တို့လည်း အဲဒီအချိန်မှာ ဖေပြပါတယ်။ သုံးပုံနှစ်ပုံထပ် လျော့မှ ခန့်ခွင့်ပြုတယ်ဆိုတာ။ ဒါ ပညာရေးမှာ အောက်ခြေဝန်ထမ်း(၁၁)မျိုးရှိတာမှာ ခန့်ခွင့် (၅၇၀၀၀)မှာ ယနေ့(၂၇၀၀၀)ကျော် လစ်လပ်နေပါတယ်။ အထူးသဖြင့် အခြေခံပညာကျောင်းလေး များရဲ့ အထွေထွေလုပ်သားသည် တစ်ယောက်ပဲ ရှိပါတယ်။ အဲဒီ တစ်ယောက်ကလေး မရှိတာနဲ့ သင်ကြားရေး၊ အခြားအုပ်ချုပ်ရေး ကိစ္စ အခက်အခဲဖြစ်တဲ့အတွက် ဒါလည်း ကျွန်တော်တို့ နှုန်းနဲ့တင်ပြတာ အဆင့်ဆင့် (၄)နှစ်နဲ့ အပြည့်ခန့်ဖို့ (၂၇၀၀၀)အထိ ခွင့်ပြုပါပြီ။ ဒါကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများမေးတဲ့ ကျောင်းအသစ် ဖွင့်လှစ်ခြင်းရော၊ အဆောက်အဦအပိုင်းရော၊ အဆောက်အဦပိုင်းကတော့ ကျွန်တော်တို့ (၁၅၀၀)လောက်ပဲ အသစ်**

ဆောက်နိုင်ပါမယ်။ ဘတ်ဂျက်က တစ်မြို့နယ်ကို ပျမ်းမျှအသစ်သည် (၃)ကျောင်းပဲ ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီ(၃)ကျောင်းကတော့ ကျွန်တော်တို့ မျှတအောင် ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြည်နယ်/တိုင်း၊ မြို့နယ် ခွဲနိုင်သော်လည်း အဲဒီမြို့နယ်မှာ တည်ဆောက်မယ့်၊ ပြုပြင်မယ့် ကျောင်းကတော့ သက်ဆိုင်ရာဒေသခံက ဦးစားပေး Priority စီစဉ်တဲ့အတိုင်း မဖြစ်ပါဘူး။ စောစောကတင်ပြတဲ့ ဥစ္စာဟာကတော့ ဒီ တစ်ကျောင်းချင်း၊ တစ်ဦးချင်း တင်ပြရင်တော့ ကျွန်တော်တို့ ဆောင်ရွက်နိုင်ပါတယ်။ ဒီလို တစ်ယောက်ချင်းကိုပဲ တစ်ကျောင်းချင်းကိုပဲ အယောက်(၅၀)၊ (၁၀၀)ဆိုရင်တော့ ကျွန်တော်လည်း နည်းနည်းလုပ်ရကိုင်ရ နည်းနည်း အခက်အခဲ ဖြစ်မှာပါ။ တစ်ပြည်လုံးပေါင်းခြုံပြီးတော့ (၁၅၀၀)နဲ့ (၁၆၀၀)ကြားတော့ အသစ် ဆောက်လို့ရပါတယ်။ မျှတအောင် တစ်မြို့နယ်(၃)ကျောင်း ပြည်နယ်/တိုင်းရော၊ မြို့နယ်အကြီး/ အသေးရော၊ ကျောင်းသားအရေအတွက်ရော၊ ဒေသဖွံ့ဖြိုးမှုရော ချိန်ဆပြီးတော့ ကျွန်တော်တို့ မျှတစွာ ခွဲပေးမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့တော့ ပညာရေးက အားလုံးလည်း အလေးအနက်ထားပါတယ်။ ကျွန်တော်တို့ကို ဦးစားလည်း ပေးပါတယ်။ ဘတ်ဂျက်က အစ။ အဲဒီတော့ ထုထည်ပမာဏ အပြောင်းအလဲက အင်မတန် သိမ်မွေ့နက်နဲပြီး ကြီးမားပါတယ်။ ချိန်ဆရပါတယ်။ အဲဒီတော့ ဖြစ်သင့်တာတွေ ရှိပါတယ်။ ဖြစ်ချင်တာတွေ ရှိပါတယ်။ ဖြစ်ချင်တဲ့အတိုင်း ဖြစ်သင့်တာကို အရင် အားလုံးတိုင်ပင် ရွေးချယ်ပါတယ်။ ဖြစ်သင့်တာတောင် ကျွန်တော်တို့ ချက်ချင်းမလုပ်နိုင်ပါဘူး။ ဖြစ်နိုင်တာကို တစ်ခါထပ်ရွေးရပါတယ်။ ဖြစ်နိုင်တာတောင်မှ လက်ရှိမမ္မဓိဌာန်ကျကျ လက်တွေ့ အခုပေပြ အခုလုပ်နိုင်မယ့် နေ့ချင်းညချင်း ဖော်နိုင်မယ့်ကိစ္စကို ကျွန်တော်တို့ အရင် ကြိုးစား ပါတယ်။ ဒါ အားလုံးသည် ပညာရေးက အငြိမ်းစားသွားတဲ့ ပါမောက္ခချုပ်၊ ပါမောက္ခ အငြိမ်းစားများ၊ ညွှန်ချုပ်၊ ဒု-ညွှန်ချုပ်၊ ညွှန်မှူးအငြိမ်းစားများ အယောက် ၃၀၊ ၄၀ နဲ့ (၁)လ တစ်ကြိမ်၊ (၂)လ တစ်ကြိမ် ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပြီးမှ ဒီအဖြေကို ရရှိတာပါ။ ကျန်တာ လိုအပ်ချက်များရှိတယ်။ ဖြည့်ဆည်းပေးမယ်ဆို လွှတ်တော်ကိုယ်စားလှယ်များ အမဲပြာမ်း ဖြည့်ဆည်းအကံပြုပေးပါ။ ဝေဖန်ပါ။ ကျွန်တော်တို့ လိုအပ်သလို ဒီမှာ ဆောင်ရွက်တဲ့ အပေါ်မှာ ပြောင်းလဲပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သဘြာသံများ)

အချိန်၊ ၁၂း၄၀။

**ဥက္ကဋ္ဌ။ ။ အခုလို ရှင်းလင်းတင်ပြတဲ့အတွက် ပညာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒီရှင်းလင်းတင်ပြချက်နဲ့ ပတ်သက်ပြီးတော့ အားလုံးသိသင့်တဲ့အတွက် သတင်းထဲမှာ ထုတ်ပြန်ဖို့ အသေးစိတ်ရေးသားပြီးတော့ လွှတ်တော်ရုံးကို ပေးပို့ဖို့ ညွှန်ကြားပါတယ်။**

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော် က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့ လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ **အစီအစဉ်အရ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနဲ့စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခြင်း အစီအစဉ် ဖြစ်ပါသော်လည်း ပြည်သူ့လွှတ်တော်ကနေပြီးတော့ ကျွန်တော်တို့ တရားဝင်စာတစ်စောင် ပေးပို့ လာပါတယ်။**

**စာအမှတ်၊ ၀၃/ပသ(စ၀) ၄/၂၀၁၂-၀၀၅**
**ရက်စွဲ ၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်**

**သို့**

**နာယက**

**ပြည်ထောင်စုလွှတ်တော်**

**ဥက္ကဋ္ဌ**

**အမျိုးသားလွှတ်တော်**

**အကြောင်းအရာ။ သဝဏ်လွှာပေးပို့ခြင်း။**

ရည်ညွှန်းချက် ။ (၁) ပြည်သူ့လွှတ်တော်၏ ၁၇-၃-၂၀၁၂ ရက်စွဲ စာအမှတ်၊ ၀၅/ပသ (ကမတ)၁/၂၀၁၂-၉၀

(၂) ပြည်သူ့လွှတ်တော်၏ ၂၂-၃-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၀၅/ပသ (ကမတ) ၁/၂၀၁၂-၉၉

၁။ အမျိုးသားလွှတ်တော်သို့ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ၁၆-၃-၂၀၁၂ ရက်နေ့တွင် ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် သဘောတူပြီးနောက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်၌ အတည်ပြုသည့် ဥပဒေကြမ်းနှင့် ပြင်ဆင်ချက်ဇယား(၁)စုံကို ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့ခဲ့ပါသည်။

၂။ ၃၀-၆-၂၀၁၂ ရက်နေ့တွင် ရန်ကုန်မြို့ MICT ခန်းမ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များတွေ့ဆုံပွဲတွင် ပြည်သူများ၊ လုပ်ငန်းရှင်များ၏ တင်ပြချက်များအရ လွှတ်တော်၌ ဆွေးနွေးလျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒကြမ်းကို နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် ပြန်လည်သုံးသပ်ရန် လိုအပ်လာကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်သို့ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော အထက်ပါဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ပါရန် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းဆိုတာ တတ်နိုင်သမျှပြည့်ပြည့်စုံစုံဖြစ်ဖို့ လိုတဲ့အတွက် ပြည်သူ့လွှတ်တော်က သဝဏ်လွှာပေးပို့တဲ့အတိုင်း ဒီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကို ပြန်လည်ပေးပို့သွားမှာ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

လွှတ်တော်ကသဘောတူ ပါသလားခင်ဗျား။

[သုံးကိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**လွှတ်တော်က သဘောတူတဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ပါတယ်။ (သဘာသံများ)**

## အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်က လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၄၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးအောင်ထွန်း (ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်)။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ ကော်မရှင် ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ ကော်မရှင်က ရေးဆွဲပြုစုထားတဲ့ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်းနဲ့ ရှင်းလင်းချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီး၊ ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် ဥပဒေကြမ်းကို ရှင်းလင်းခြင်းမပြုတော့ဘဲ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်က ရေးဆွဲထားတဲ့ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် ကော်မရှင်ကိုယ်စား အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်း ၏ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်း အဆိုအား ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်တော် ဦးဉာဏ်လင်း မှ ထောက်ခံတင်ပြ အပ်ပါတယ်ခင်ဗျား။**

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖစ်ပြပါတယ်။

လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖစ်ကြောင်း ကြေညာပါတယ်။ (**သဘြာသံများ**)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၇-၂၀၁၂ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပထမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးကို ၁၀း၄၆ နာရီအချိန်တွင် ရပ်နားပါသည်။]